ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များကွန်ဂရက်
ALL ARAKAN STUDENTS' AND YOUTHS' CONGRESS (AASYC)
P.O.Box – 178, Tak – 63110, Mae Sod, Thailand. Email: aasyc.hq@gmail.com

# ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များကွန်ဂရက်မှ ရှစ်လေးလုံးအရေးတော်ပုံနေ့ (၁၈)နှစ်ပြည့် သဘောထားထုတ်ပြန်ကြေငြာချက်

ထုတ်ပြန်ကြေငြာချက်အမှတ် – ရကလက/ဗဟို/သ–ပ/ထုတ်ပြန်/၀၀၁/၀၆
ခရစ်သက္ကရာဇ် – ဩဂုတ်လ (၈) ရက်၊ ၂၀၀၆ ခုနှစ်

ယနေ့ဩဂုတ်လ (၈) ရက်၊ ၂၀၀၆ခုနှစ်သည် မြန်မာပြည်သူတရပ်လုံးလိုလားတောင့်တနေသော အခွင့်အရေးရရှိရေးအတွက် တောင်းဆို တိုက်ပွဲဝင်ခဲ့သော ရှစ်လေးလုံးအရေးတော်ပုံကာလကြီး၏ (၁၈)နှစ်မြောက် နေ့ထူးနေ့မြတ်အခါသမယဖြစ်ပြီး၊ ၄င်းလှုပ်ရှားမှုတွင် ကျဆုံးခဲ့ရသောရဲဘော်များ၊ အကျဉ်းကျခံနေရသော ရဲဘော်များ နှင့် တိုက်ပွဲဝင်နေသော အာဇာနည်များအား ဦးညွှတ်ဂုဏ်ပြုပါသည်။ မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုတိုက်ပွဲသမိုင်းများဖြစ်သည့် ပထမကျောင်းသားသပိတ်(၁၉၂၀)၊ ဒုတိယ ကျောင်းသားသပိတ်(၁၉၃၆)၊ တတိယ ကျောင်းသားသပိတ်(၁၉၃၈)၊ (၁၃၀၀)ပြည့်အရေးတော်ပုံကြီး စသည်ဖြင့် နိုင်ငံရေးလှုပ်ရှားမှုများကြောင့် မြန်မာပြည်လူထုတရပ်လုံး နိုင်ငံရေးအသိအမြင်များ နိုးကြားလာကာ ကိုလိုနီစနစ်ကို တွန်းလှန်ဖြိုလှဲခြင်းဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးကို အရယူနိုင်ခဲ့သည်။ သို့သော်လည်း ၄င်းလွတ်လပ်ရေး၏ အသီးအပွင့်ကို ပြည်သူတရပ်လုံး မခံစားရပဲ အုပ်ချုပ်သူလူတစုကသာ ခံစားနေသဖြင့် (၈–၈–၁၉၈၈)နေ့တွင် ရဟန်းရှင်လူကျောင်းသားပြည်သူတရပ်လုံးမှ ဒီမိုကရေစီနှင့်လူ့အခွင့်ရေး ရရှိရေးတို့အတွက် တောင်းဆိုခဲ့သည်ကို စစ်အာဏာရှင်မဆလတို့က လက်နက်အားကိုးဖြင့် ပစ်ခတ်နှိမ်နှင်းခဲ့သော်လည်း အုပ်ချုပ်သူ မဆလအစိုးရ(၃)ဆက်အား တိုက်ဖျက်ဖြုတ်ချနိုင်ခဲ့ပေသည်။

ထို့နောက် နောက်တက်လာသည့် နဝတ၊ နအဖ စစ်အစိုးရတို့သည် ပြည်သူတရပ်လုံး၏ လိုလားချက်ကို ဆက်လက် ဥပေက္ခာပြုကာ ပြည်သူများအား ကိုလိုနီခေတ်တို့ထက် ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များကို ကျင့်သုံးကာ၊ တိုင်းရင်းသားနယ်မြေများတွင် ပြင်းထန်သော ထိုးစစ်များဖြင့် မျိုးပြုတ်သတ်ဖြတ်မှုများ ပြုလုပ်နေခြင်း၊ ပြည်သူတရပ်လုံးက ဆန္ဒမဲပေးကာ ရွေးကောက်ပွဲ အနိုင်ရပါတီများအား အာဏာမအပ်နှင်းပဲ ဖမ်းဆီးညှင်းပမ်းသတ်ဖြတ်နေခြင်း၊ နိုင်ငံတကာမှ ဒီမိုကရေစီနှင့်လူ့အခွင့်ရေး အကောင်အထည်ဖေါ်ရေးတို့အတွက် တရားမျှတစွာ တောင်းဆိုမှုကို နအဖအနေဖြင့် အစဉ်တစိုက် ငြင်းပယ်နေခြင်း မြန်မာပြည်လူထုတစ်ရပ်လုံး၏ (၈–၈–၁၉၈၈)တောင်းဆိုချက်ကို နဝတ၊ နအဖစစ်အစိုးရအနေဖြင့် (၁၈)နှစ်ကြာသည့်တိုင်အောင် ဥပက္ခာပြုကာ ယနေ့ထက်တိုင် ငြင်းပယ်နေခြင်းတို့ကြောင့် စီးပွါးရေး၊ သံရေးတမန်ရေး တားဆီးပိတ်ပင်ခံရခြင်းတို့ကို ဖြစ်စေပြီး မြန်မာပြည်သူများအနေဖြင့် ၄င်းအကျိုးဆက်ရလဒ်၏ ဆိုးကျိုးများအဖြစ် ပညာရေး၊ ကျန်းမာရေး၊ စီးပွါးရေး၊ လူမှုရေးတို့ အဘက်ဘက်မှ ချွတ်ခြုံကျကာ နိုင်ငံတကာအလယ်တွင်လည်း မြန်မာနိုင်ငံအနေဖြင့် အရှက်ရနေစေခဲ့ပေပြီ ဖြစ်သည်။

အထက်ပါ ပြည်သူတရပ်လုံးကို မထီမဲ့မြင်လုပ်ဆောင်ချက်များကြောင့် ပြည်သူများအနေဖြင့် ပြင်းထန်သောစိတ်ပိုင်းဆိုင်ရာခံစားမှုများ ဖြစ်ပေါ်စေကာ ရှစ်လေးလုံးအရေးတော်ပုံကြီးမျိုးလို နောက်ထပ်တကြိမ်ဖြစ်ပေါ်လာစေရန်အတွက် နအဖမှစိန်ခေါ်နေပြီဟု ခံစားနေရပြီ ဖြစ်သည်။ သို့ဖြစ်၍ **"ပြည့်တင်းလျှင် မင်းမခံနိုင်"**ဆိုသည်နှင့်အညီ ပြည်သူတရပ်လုံးအနေဖြင့် **"လက်နက်ကိုင်တိုက်ပွဲ၊ လူထုတိုက်ပွဲ၊ နိုင်ငံရေးတိုက်ပွဲ–––"**စသည်တို့ဖြင့် အောက်ပါရည်မှန်းချက်များ အကောင်အထည်ဖော်ရေးအတွက် ပြည်တွင်း/ပြည်ပမှ တက်ညီလက်ညီ တိုက်ပွဲဝင်ပြီး ဖက်ဆစ်စစ်အာဏာရှင်စနစ်အား ဖယ်ရှားကြပါရန် ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များကွန်ဂရက်မှ သဘောထား ထုတ်ပြန်အပ်ပါသည်။

၁။ တိုင်းရင်းသားပြည်သူတရပ်လုံး ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးခွင့်ရရှိရေး။
၂။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အပြည့်အဝ အကောင်အထည် ပေါ်ပေါက်ရေး။
၃။ ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦးအပါအဝင် တိုင်းရင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်းချက်မရှိ ပြန်လည်လွတ်မြောက်ရေး။
၄။ ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ရရှိရေး။

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များကွန်ဂရက် (ရကလက)
ဗဟိုဌာနချုပ်၊ ထိုင်း–မြန်မာနယ်စပ်။